# ကရင်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များပြန်လည်ပေါင်းစည်းခြင်း

## သဘောတူညီချက်

ရက်စွဲ - ၁၃၊ ၁၀၊ ၂၀၁၄

၁။ ကရင်အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များဖြစ်ကြသော KNLA၊ KNDO၊ DKBA၊ KNU/KNLA-PC အဖွဲ့များသည် ကရင်အမျိုးသားလွတ်မြောက်ရေးအတွက် လက်နက်ကိုင်တော်လှန်တိုက်ပွဲဝင်ကြသည့် အဖွဲ့များဖြစ်ကြပြီး ကရင်ပြည်သူလူထုတို့၏ဆန္ဒနှင့်အညီ ကော်သူးလေတပ်မတော် (Kawthoolei Armed Forces – KAF) အဖြစ် ပြန်လည်ပေါင်းစည်းရန် သဘောတူသည်။

၂။ ကော်သူးလေတပ်မတော်(KAF)သည် ကရင်အမျိုးသားခေါင်းဆောင်ကြီးစောဘဦးကြီး၏မူ(၄)ချက်အပေါ် ရပ်တည်သွားမည်။

၃။ ကော်သူးလေတပ်မတော်(KAF)သည် ကရင်တစ်မျိုးသားလုံးနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို ကာကွယ်သွားမည်။

၄။ ကော်သူးလေတပ်မတော်အဖြစ်ပေါင်းစည်းထားသည့် KNLA၊ KNDO၊ DKBA၊ KNU/KNLA-PC အဖွဲ့တို့သည် တခုတည်းသောကရင်အမျိုးသားအလံတော်အောက်တွင်ရှိနေကြပြီး အဖွဲ့တစ်ခုခုအပေါ် ထိပါးလာခြင်း၊ ကျူးကျော်တိုက်ခိုက်လာခြင်းနှင့်စော်ကားလာခြင်းများ ပြုလုပ်ခံလာရပါက အဖွဲ့အနေဖြင့် တသွေးတသံ၊ တညီတညွတ်တည်း ခုခံတိုက်ပွဲဝင်သွားမည်။

၅။ ကော်သူးလေတပ်မတော်(KAF)သည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအပြည့်အဝရှိသော စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုစနစ်ပေါ် ပေါက်ရေးကို တိုင်းရင်းသားတပ်ပေါင်းစုနှင့် ပူးပေါင်းလက်တွဲတိုက်ပွဲဝင်သွားမည်။

၆။ မိမိတို့ကော်သူးလေတပ်မတော်(KAF)သည် မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးရရှိရန်နှင့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံပေါ် ထွန်းရေးကို တိုင်းရင်းသားပြည်သူလူထုများ၊ ပြည်တွင်းပြည်ပဒီမိုကရေစီအင်အားစုများနှင့်ပူးပေါင်းသွားရန် သဘောတူသည်။

ဗိုလ်ချုပ်စောလားပွယ်(က/၀၀၀၆)
စစ်ဦးစီးချုပ်
D.K.B.A.ကလိုထူးဘောစစ်ဌာနချုပ်

ဗိုလ်မှူးကြီး တိုက်ဂါး
ဗျူဟာမှူး
KNU/KNLA ငြိမ်းချမ်းရေးကောင်စီ

| | | | |
|---|---|---|---|
| ဒု စစ်ဦးစီးချုပ်<br>(၁) KNLA | KNDO-ဦးစီးချုပ်<br>(၂) KNDO | (၃) DKBA | (၄) KNU/KNLA-PC |